Crown Point Elementary
3335 Sam Newell Road
Matthews, NC  28105

**ကျောင်း၏ စာခေါင်း**

လက်ခံရရှိသူ-  ခေါင်းစဉ် I အဆင့်ဝင် ကျောင်းများရှိ ကျောင်းသားများ၏ မိဘများ/တရားဝင်အုပ်ထိန်းသူများအားလုံး
ပေးပို့သူ-  {*Principal/School name*}
ရက်စွဲ-
အကြောင်းအရာ- ဆရာနှင့် လက်ထောက်ဆရာများ၏ အရည်အချင်းနှင့်ပတ်သက်၍ မိဘများ၏ "သိရှိပိုင်ခွင့်" အကြောင်းကြားစာ

ကျောင်းသားတိုင်း အောင်မြင်ရေးဟူသော ဖက်ဒရယ်ဥပဒေအရ ခေါင်းစဉ် I အဆင့်ဝင် ကျောင်းတစ်ကျောင်းတွင် တက်ရောက်နေသည့် ကလေးများ၏ မိဘများအနေဖြင့် မိမိတို့ကလေးကို သင်ကြားပေးနေသော အတန်းပိုင် ဆရာများ၏ ကျွမ်းကျင်မှု အရည်အချင်းများကို **သိရှိပိုင်ခွင့်**ရှိကြောင်း ကျောင်းခရိုင်များက မိဘများထံသို့ အကြောင်းကြားရန် လိုအပ်ပါသည်။

ဤရုန်ပုံငွေများကို လက်ခံရရှိသူဖြစ်သော Charlotte-Mecklenburg Schools အနေဖြင့် သင် တောင်းဆိုပါက ဤအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ အတိအကျအားဖြင့် သင့်ကလေး၏ အတန်းပိုင်ဆရာ တစ်ဦးစီနှင့် ပတ်သက်၍ အောက်ပါအချက်အလက်များကို တောင်းဆိုပိုင်ခွင့် ရှိသည်-

- ဆရာသည် ၎င်းသင်ကြားနေသော အတန်းများနှင့် အဓိက ပညာရေးဆိုင်ရာ ဘာသာရပ်များအတွက် ပြည်နယ်၏ အရည်အချင်းသတ်မှတ်ချက်နှင့် လိုင်စင်စံနှုန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ။
- အထူးအခြေအနေများကြောင့် ဆရာသည် အရေးပေါ်အခြေအနေအရ သင်ကြားပေးနေခြင်း ရှိ၊ မရှိ။
- ဆရာ၏ ကောလိပ် အဓိကဘာသာရပ်အပြင် အဆင့်မြင့်ဘွဲ့ဒီဂရီများ ရရှိထားခြင်း ရှိ၊ မရှိနှင့် ရရှိထားသော ဘွဲ့ဒီဂရီ သို့မဟုတ် အသိအမှတ်ပြုလက်မှတ်နှင့်ဆိုင်သော ဘာသာရပ် သို့မဟုတ် နယ်ပယ်။
- သင့်ကလေးအား လက်ထောက် ဆရာ/ဆရာမများက သင်ကြားပေးနေခြင်းရှိ၊ မရှိနှင့် သင်ကြားပေးနေပါက ၎င်းတို့၏ အရည်အချင်းများ။

ထို့အပြင် ခေါင်းစဉ် I ရန်ပုံငွေ ရရှိသည့် ကျောင်းအားလုံးသည် ကျောင်းတွင် ကလေးအား သင်ကြားပေးနေသော ဆရာသည် အထူးအရည်အချင်းပြည့်မီသူ မဟုတ်ပါက ထိုဆရာထံတွင် လေးပတ် သို့မဟုတ် လေးပတ်ထက်ပို၍ ဆက်တိုက်သင်ယူရမည်ဆိုလျှင် မိဘတိုင်းကို အကြောင်းကြားရန် ဥပဒေက ပြဌာန်းထားသည်။

Charlotte-Mecklenburg Schools သည် ကျောင်းသားအားလုံးအတွက် အရည်အသွေးမြင့်မားသော သင်ကြားရေးကို ပေးအပ်ရန် ကတိပြုထားပြီး၊ စာသင်ခန်းအတွင်း ကလေးတစ်ဦးစီကို သင်ကြားရန်နှင့် ကူညီပံ့ပိုးရန် အရည်အချင်းအပြည့်မီဆုံး ဆရာများကို ခန့်အပ်ဆောင်ရွက်လျက်ရှိပါသည်။ သင့်ကလေး၏ ဆရာနှင့်ပတ်သက်ပြီး အထက်ပါ အချက်အလက်များထဲမှ တစ်ခုခုကို ရယူလိုပါက ကျေးဇူးပြု၍ ပူးတွဲပါဖောင်ကို ဖြည့်စွက်ပြီး ညွှန်ကြားထားသည့်အတိုင်း ပေးပို့ပါ။

ပူးတွဲပါဖိုင်- ဆရာ သို့မဟုတ် လက်ထောက်ဆရာအကြောင်း အချက်အလက် တောင်းဆိုလွှာဖောင်

**ဆရာ သို့မဟုတ် လက်ထောက်ဆရာအကြောင်း အချက်အလက် တောင်းဆိုလွှာဖောင်**

Charlotte-Mecklenburg Schools

ဆရာ သို့မဟုတ် လက်ထောက်ဆရာ၏ အရည်အချင်းဆိုင်ရာ အချက်အလက် တောင်းဆိုခြင်း

မိဘများထံသို့ ညွှန်ကြားချက်များ- ဤဖောင်ကို ဖြည့်စွက်ပါ။ ဆရာ သို့မဟုတ် လက်ထောက်ဆရာ တစ်ဦးချင်းအတွက် ဖောင်တစ်ခုစီကို သီးခြားစီ အသုံးပြုပါ။ ဖြည့်စွက်ပြီးသော ဖောင်ကို သင့်ကျောင်းရုံးခန်းသို့ ပြန်လည်ပေးပို့ပါ သို့မဟုတ် အောက်ပါလိပ်စာသို့ စာပို့ပါ- *[ School Address .]* အချက်အလက်ကို ရက် 30 အတွင်း သင့်ထံ ပေးပို့ပါမည်။

ကျောင်းအမည်- ____________________________________________________________

ဆရာ၏ အမည်- Mr. Mrs. Ms. _______________________________________
သို့မဟုတ်
လက်ထောက်ဆရာ၏ အမည်- Mr. Mrs. Ms. ______________________________________

အတန်းအဆင့်- ___________________________________ ဘာသာရပ် (သက်ဆိုင်လျှင်)- ________________

အချက်အလက် တောင်းဆိုသည့် မိဘ(များ)၏ အမည်- _______________________________________________

ကျောင်းသား၏ အမည်- _______________________________________________________________________

စာပို့လိပ်စာ (အချက်အလက်များကို ပေးပို့ရမည့် သို့မဟုတ် ဖက်စ်ပို့ရမည့် လိပ်စာ)-

__________________________________________________________________________________________
မြို့ ပြည်နယ် ဇစ်ကုဒ်

ဖက်စ်နံပါတ်- _________________________________________________________________

မေးမြန်းလိုသည်များရှိပါက နေ့ဘက်ဆက်သွယ်ရန် ဖုန်းနံပါတ်- ___________________________________

**ဆရာ/လက်ထောက်ဆရာ အချက်အလက် အကြောင်းပြန်လွှာဖောင်**

ဆရာ၏ အမည်- ____________________________________

ဤဆရာသည် _________________ (ဘာသာရပ်) တွင် (ရိုးရိုးဘွဲ့၊ မဟာဘွဲ့) ရရှိထားပါသည်။

ဤဆရာသည် သူ/သူမ သင်ကြားနေသော အတန်းများနှင့် ဘာသာရပ်များအတွက် ပြည်နယ်၏ အရည်အချင်းသတ်မှတ်ချက်နှင့် လိုင်စင်စံနှုန်းများနှင့် ကိုက်ညီမှု (ရှိသည်၊ မရှိပါ)။ __________________________________ (အတန်းများ/ဘာသာရပ်များကို ဖော်ပြပါ။)

________________________________________________________________________

ဤဆရာသည် North Carolina ပြည်နယ်တွင် လိုင်စင် (ရရှိထားသည်၊ မရှိပါ)။

(သက်ဆိုင်ပါက) ဤဆရာသည် အခြားပြည်နယ်တစ်ခုတွင် လိုင်စင်ရရှိထားသည်-________________________

ဤဆရာသည် အထူးအခြေအနေများကြောင့် အရေးပေါ်အခြေအနေအရ သင်ကြားနေခြင်း (ဖြစ်သည်၊ မဟုတ်ပါ)။

ဆရာ/လက်ထောက်ဆရာ၏ အမည်-__________________________________________________

ဤဆရာ/လက်ထောက်ဆရာသည် အထူးအရည်အချင်းပြည့်မီသော ဆရာ၏ တိုက်ရိုက်ကြီးကြပ်မှုအောက်တွင် အလုပ်လုပ်ကိုင်ပြီး၊ အထက်တန်းကျောင်းဆင်းလက်မှတ် သို့မဟုတ် ၎င်းနှင့်ညီမျှသော အောင်လက်မှတ်ရှိကာ အောက်ပါတို့အနက်မှ တစ်ခုခုကို ရရှိထား/ပြီးစီးထားပါသည် သို့မဟုတ် ရရှိရန်/ပြီးစီးရန် ဆောင်ရွက်နေဆဲဖြစ်ပါသည်။ (တစ်ခုကို အမှန်ခြစ်၍ သင့်တော်ရာကို ဝိုင်းပြပါ)

____ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းတစ်ခုတွင် လိုအပ်သော သင်တန်းများကို တက်ရောက်ထားသည် / တက်ရောက်နေဆဲဖြစ်သည်၊ **သို့မဟုတ်**

____ အသိအမှတ်ပြု ကွန်မြူနတီကောလိပ်၊ နည်းပညာကျောင်း သို့မဟုတ် အခြား အဆင့်မြင့်ပညာရေးအဖွဲ့အစည်းတစ်ခုမှ ဒီပလိုမာဘွဲ့ ရရှိထားသည် / ရယူနေဆဲဖြစ်သည်၊ **သို့မဟုတ်**

____ North Carolina အလုပ်သမားဌာန၏ Teacher Assistant Apprenticeship Program ကို ပြီးစီးထားသည် / သင်ယူနေဆဲဖြစ်သည်၊ **သို့မဟုတ်**

____ North Carolina လက်ထောက် ဆရာများအသင်း Professional Development Program ၏ အဆင့် I ကျွမ်းကျင်မှုများကို ပြီးစီးထားသည် / ဖြည့်ဆည်းနေဆဲဖြစ်သည်၊ **သို့မဟုတ်**

____ ကွန်မြူနတီကောလိပ်၏ စာဖတ်စွမ်းရည်၊ သင်္ချာနှင့် အရေးစွမ်းရည်ဆိုင်ရာ အကဲဖြတ်စာမေးပွဲများကို ပြီးစီးထားသည် / ဖြေဆိုနေဆဲဖြစ်ပြီး စာဖတ်စွမ်းရည်၊ အရေးစွမ်းရည်၊ သင်္ချာ၊ အထူးလိုအပ်ချက်ရှိသော ကျောင်းသားများနှင့်အတူ လုပ်ကိုင်ခြင်း၊ နည်းပညာ သို့မဟုတ် စာသင်ခန်းစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းဖွံ့ဖြိုးရေးသင်တန်း 96 နာရီ ပြီးစီးထားသည် / သင်ယူနေဆဲဖြစ်သည်၊ **သို့မဟုတ်**

____ စာဖတ်စွမ်းရည်၊ အရေးစွမ်းရည်နှင့် သင်္ချာနယ်ပယ်များတွင် လက်ထောက်ဆရာများအတွက် WorkKeys အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိုယ်ရေးမှတ်တမ်းကို ပြီးစီးထားသည် / ဖြည့်ဆည်းနေဆဲဖြစ်ပြီး၊ စာဖတ်စွမ်းရည်၊ အရေးစွမ်းရည်၊ သင်္ချာ၊ အထူးလိုအပ်ချက်ရှိသော ကျောင်းသားများနှင့်အတူ လုပ်ကိုင်ခြင်း၊ နည်းပညာ သို့မဟုတ် စာသင်ခန်းစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းဖွံ့ဖြိုးရေးသင်တန်း 96 နာရီ ပြီးစီးထားသည်။